
# ရန်ကုန်ဘဘဆွေ

# ပန်းချီကို ဘယ်နည်းနဲ့ ရေးကြမလဲ



mgyoe.com

mgyoe.com

'ငါ'စိတ်ပြင်းသော လူမျိုးသည် မိမိကိုယ်ကိုယ်သာလျှင်
အတော်ဆုံး အတတ်ဆုံးထင်သောကြောင့်
အခြားကျော်ကြား လူသိများသော သူတစ်ပါးကို
"ဒီကောင်တွေ မတတ်ဘဲနဲ့ ဘာ့ကြောင့်ကျော်ကြားရတာလဲ. . ." ဟု
မလိုတမာစိတ်မျိုးဝင်ကာ၊ အကြောင်းမဲ့ဆဲရေးတိုက်ခိုက်လျက်
မိမိကိုယ်ကိုယ် တော်ကြောင်း တတ်ကြောင်း ပြသတတ်သော
အမျိုးအစားတို့ဖြစ်သည်။ ထိုသူမျိုးတို့သည်
မိမိတို့ ဆရာသမားကိုတောင် တုံ့ပြန်တိုက်ခိုက်တတ်သည်။
သူတို့သည် သူတို့၏ ဆရာသမားဖြစ်သူက မိမိဘာသာ
ဆင်းဆင်းရဲရဲ ဇွဲရှိရှိဖြင့် အချိန်ကြာမြင့်စွာ လေ့လာပြီးမှ
တတ်မြောက်လာရရှာခြင်းကို မသိမစဉ်းစားဘဲ အလွယ်တကူ
သင်ယူတတ်မြောက်ကြရသော ၎င်းတို့ကိုယ်နှင့် နှိုင်းစာကာ
ဒီအဘိုးကြီးတွေ အလွန်ထုံထိုင်းကြသည်၊
သူတို့တစ်သက်လုံး သင်လာရတာတွေကို အခုကြည့်၊
ငါတို့ ခဏလေးနှင့် တတ်မြောက်ကြသည်ဟု. . .
ပခုံးချင်း ယှဉ်ပစ်လိုက်တတ်ကြသည်။




ISBN 9789997117557
YGN16
9 789997 117557
800.00 KS

mgyoe.com

ပန်းချီကို ဘယ်နည်းနဲ့ရေးကြမလဲ၊ ရန်ကုန်ဘဆွေ
မျက်နှာဖုံးဒီဇိုင်း - unsplash image
စာမျက်နှာ ၇၀ မျက်နှာ၊ ၁၀ • ၂ စင်တီ x ၁၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

နှစ် ၂၀ ပြည့် အမှတ်တရစာမွန်

# ပန်းချီကို
# ဘယ်နည်းနဲ့ရေးကြမလဲ

ရန်ကုန်ဘဆွေ

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

၁၉၇၂ ဝန်းကျင် ဆရာကြီး ရန်ကုန်ဘဆွေ ရေးသားခဲ့သော ပန်းချီဆိုင်ရာ ဆွေးနွေးချက်ဆောင်းပါးရှည် ဖြစ်ပါသည်။ ပန်းချီကို ဘယ်နည်းနဲ့ရေးကြမလဲ ဆောင်းပါးအခန်းဆက် ၅ ပုဒ်နှင့် အနုပညာသမိုင်းလမ်းကြောင်း ၁ ပုဒ်တို့ကို စုစည်းလိုက်ပါသည်။

ပန်းချီရေးဆွဲသူ၊ လူငယ်အနုပညာရှင်များနှင့် ပန်းချီခံစားသူ ပရိသတ်တို့အတွက်ပါ ယနေ့ထိ တစ်စုံတစ်ရာ အတွေးရနေနိုင်ဆဲဖြစ်အောင် မြန်မာစာပေ အရေးအဖွဲ့တို့နှင့်ပါ အနှစ်အသားပါပါ နှိုင်းယှဉ်ပြ ရေးသားဆွေးနွေးထားလေရာ ယခုအစီအစဉ်တွင် တစ်အုပ်အပါအဝင်အဖြစ် ဖော်ထုတ် တင်ဆက်လိုက်ခြင်း ဖြစ်ပါသည်။

mgyoe.com

mgyoe.com

# အနုပညာသမိုင်းလမ်းကြောင်းကို ရိုပ်ခနဲ ကြည့်ပါဦး

သမိုင်းကြောင်းကို လေ့လာမြည်းစမ်းကြည့်ကြဖူးသူတိုင်း အကြမ်းအားဖြင့် လူနှစ်မျိုးနှစ်စားကို တွေ့ကြရမည်။

လူတစ်မျိုးသည် 'ငါ'စိတ်ပြင်းပြသော လူမျိုးဖြစ်၍ လူတစ်မျိုးသည် 'ငါ'ကို မကျေနပ်နေသော လူမျိုးဖြစ်သည်။

'ငါ'စိတ်ပြင်းသော လူမျိုးသည် မိမိကိုယ်ကိုယ်သာလျှင် အတော်ဆုံး အတတ်ဆုံးထင်သောကြောင့် အခြားကျော်ကြား လူသိများသော သူတစ်ပါးကို "ဒီ

mgyoe.com

mgyoe.com


ကောင်တွေ မတတ်ဘဲနဲ့ ဘာ့ကြောင့်ကျော်ကြားရတာလဲ…” ဟု မလိုတမာစိတ်မျိုးဝင်ကာ၊ အကြောင်းမဲ့ ဆဲရေးတိုက်ခိုက်လျက် မိမိကိုယ်ကိုယ် တော်ကြောင်း တတ်ကြောင်း ပြသတတ်သော အမျိုးအစားတို့ဖြစ်သည်။ ထိုသူမျိုးတို့သည် မိမိတို့ ဆရာသမားကိုတောင် တုံ့ပြန်တိုက်ခိုက်တတ်သည်။

သူတို့သည် သူတို့၏ ဆရာသမားဖြစ်သူက မိမိဘာသာ ဆင်းဆင်းရဲရဲ ဖွဲရှိရှိဖြင့် အချိန်ကြာမြင့်စွာ လေ့လာပြီးမှ တတ်မြောက်လာရရှာခြင်းကို မသိမစဉ်းစားဘဲ အလွယ်တကူ သင်ယူတတ်မြောက်ကြရသော ၎င်းတို့ကိုယ်နှင့် နှိုင်းစာကာ ဒီအဘိုးကြီးတွေ အလွန်ထုံထိုင်းကြသည်၊ သူတို့တစ်သက်လုံး သင်လာရတာ တွေကို အခုကြည့်၊ ငါတို့ ခဏလေးနှင့် တတ်မြောက်ကြသည်ဟု… ပခုံးချင်းယှဉ်ပစ်လိုက်တတ်ကြသည်။

နောက်တစ်မျိုးမှာမူ မိမိကိုယ်မိမိ မကျေနပ်နိုင်သူ အားမရနိုင်သူတို့ ဖြစ်ကြသည်။ အနုပညာသမိုင်း ကြောင်းတွင် ပန်းချီတစ်ခေတ်ဆန်းချိန်ဖြစ်သော “ရီနေးဆင့်”အချိန်က အမြင့်မားဆုံး ပန်းချီပန်းပုပညာရှင် တစ်ဦးဖြစ်သော “မိုက်ကယ်အန်ဂျလို”သည် မိမိကိုယ် မိမိ ကျေနပ်အားရမှု မရရှိနိုင်သော ပညာရှင်အမျိုး အစားထဲ၌ ပါခဲ့သည်။

mgyoe.com

mgyoe.com




မိုက်ကယ်အန်ဂျလို

မိုက်ကယ်အန်ဂျလို (၁၄၇၅–၁၅၆၄) သည် အသက် ၁၅ နှစ်မျှသာ ရှိသေးသောအရွယ်လောက်ကတည်းက... "မာစီလီယိုဖီဆီနို၏ ပလေတိုဝါဒ" နှင့် "ဆာဗိုနာရိုလာ" ၏ ပြင်ဆင်ထားသော ဘာသာရေးအယူအဆသစ် နှစ်ရပ်လုံးကို လက်ခံထားရာ ထိုဆန့်ကျင်ဘက်ဖြစ်ကြသော အတွေးအခေါ်နှစ်ခုသည် အန်ဂျလို၏ ငယ်နုတက်ကြွသော ဦးနှောက်ကို အပြိုင်အဆိုင် ဖွပ်လျှော်အရောင်ဆိုးပေးနေကြသကဲ့သို့ ဖြစ်ခဲ့သည်။

mgyoe.com

mgyoe.com


ဤတွင် အန်ဂျလိုအဖို့ ဘာသာရေးအယူအဆသစ် အရောင်ကလည်း စစ်စစ်မှန်မှန်မစွဲဘဲ ပလေတိုဝါဒသစ် အရောင်ကလည်း မူလရောင်အတိုင်း မနေသောကြောင့် တစ်မျိုးတစ်ဖုံ အယူအဆသစ် အတွေးသစ် ဖြစ်လာရသည်။

ဤဖြစ်ရပ်သည် အန်ဂျလို၏ ပင်ကိုအရည်အချင်းကို ထူးဆန်းသော အတွေးသစ်၊ အယူအဆသစ်တို့ဖြင့် ထက်မြက်အောင် ပြုလုပ်ပေးသကဲ့သို့ ဖြစ်လာရသည်။ သူသည် ရှေးပန်းချီပန်းပုဆရာကြီးများဖြစ်ကြသော "ဂီယောတို မက်ဆက်ဆီယိုနှင့် ဂျာကိုပို့ဒယ်လာ ကွာစီယာ"စသည့် ပုဂ္ဂိုလ်ကြီးများကို အမြဲဦးညွှတ်လျက် မိမိကိုယ်ကိုယ်လည်းကောင်း၊ မိမိပတ်ဝန်းကျင်ကိုလည်းကောင်း မည်သို့မျှ ကျေနပ်အားရနိုင်မှု မရှိနိုင်ဘဲ ဖြစ်နေသည်။

သူ၏အတွေးအခေါ်ထဲ၌ "မြေကြီးနှင့် ဆက်စပ်နေသော လူ့ခန္ဓာကိုယ် အကျဉ်းထောင်ကြီးသည် စိတ်ဝိညာဉ်အကျဉ်းသားများအတွက် ချုပ်နှောင်ရာ အကျဉ်းစခန်းဖြစ်သည်"ဟု ယုံကြည်သည်။ ထို့ကြောင့် သူသည် စိတ်ဝိညာဉ်အမျိုးမျိုးအတွက် ဖြစ်သင့်ဖြစ်ထိုက်သော လှပသည့်အကျဉ်းထောင်များကို... ကျောက်တုံးကျောက်သားတို့မှ မနားမနေ တည်ဆောက်ထုဆစ်

mgyoe.com

mgyoe.com


လုပ်ကိုင်ကြည့်ရင်း ကမ္ဘာ့အနုပညာသမိုင်းတွင် အနုပညာ ပြန်လည်ဆန်းသစ်သော "ရီနေးဆင့်" ခေတ်အချိန်၌ အတော်ဆုံးပညာရှင် စာရင်းထဲတွင် ပါဝင်ခဲ့ရခြင်းဖြစ်သည်။

သူ၏ များပြားလှသော ပန်းပု၊ ပန်းချီနှင့် အဆောက်အအုံလက်ရာတို့အနက် ၂၆ နှစ်သားအရွယ်က ထုလုပ်သော အမြင့် ၁၈ ပေရှိသည့် ဒေးဗစ်ကျောက်ရုပ်တုသည် ဘုရားကျောင်းအတွင်း၌ စိုက်ထူရမည့်အစား မီလန်မြို့၏ ကျက်သရေဆောင် 'ပလာဇို' အဆောက်အအုံ၏ရှေ့တွင် စိုက်ထူရန် မြို့မိမြို့ဖတို့က ဆုံးဖြတ်တောင်းဆိုရသည်အထိ လက်ရာမြောက်လှသည်။



**David Statue**

mgyoe.com

mgyoe.com



ထိုရုပ်တုသည် လက်ရာမြောက်ရုံသာ မဟုတ်ပါ။ ရှေးအခါက ရှိခဲ့ဖူး၍ နာမည်ကျော်ကြား အနုပညာတို့ အသိများလှသော "လောကူ" သားအဖရုပ်တု (ဘီစီ ၂ ရာစု ကုန်လုဆဲတွင် အိစ်ဆန်ဒါ ဘက်သီနိုဒိုးရုပ်နှင့် ပိုလီဒိုးရုပ်တို့ ထုလုပ်ကြသည်) နှင့် ၁၄၀၃–၃၂ ခုနှစ်တွင် ပန်းပုဆရာကျော် "ဒွန်နာတယ်လို" ၏ ဒေးဗစ်ရုပ်တုတို့နှင့် မတူဘဲ အလွန်ဆန်းသစ်ခေတ်မီသော လက်ရာမျိုး ဖြစ်မြောက်လာခဲ့သည်။ သို့ပါသော်လည်း မိုက်ကယ်အန်ဂျလိုသည် ထို့ထက်ပို၍ လက်ရာမြောက်ဆန်းသစ်သည့် ရုပ်တုတွေကို ထုလုပ်ရင်း ကွယ်လွန်သည်အထိ မိမိကိုယ်မိမိ မကျေနပ်နိုင်ခဲ့ပါ။

ပထမဖော်ပြခဲ့သည့် 'ငါစိတ်ပြင်းသော လူမျိုးများ' စွာထဲမှ အနုပညာရှင်တစ်ယောက်ကို ထုတ်ပြရလျှင် အန်ထော်နီဂျန်ဂရော့စ် (၁၇၇၁–၁၈၃၅) ကို ပြရပါမည်။ သူသည် အနုပညာသမိုင်းတစ်လျှောက်လုံးတွင် အကျော်ကြားဆုံး ပညာရှင်တို့အဆင့်၌ ပါဝင်ခဲ့သော ပန်းချီဆရာကျော် ဒေးဗစ်၏ တပည့်တစ်ဦးဖြစ်ခဲ့သည်။

ပန်းချီဆရာကျော် ဒေးဗစ်သည် "ဂန္ထဝင်မြောက် စံထိုက် စနစ်သစ်အနုပညာ" (နီယိုကလပ်စစ် အနုပညာ) ထွန်းကားချိန်နှင့် "တန်ဆာဆင် ဖွဲ့နွဲ့ပြသမှု

mgyoe.com

mgyoe.com

ပန်းချီဆရာကျော် ဒေးဗစ်

စနစ် (ရိုမင်တစ်ဆီဇင်–စံနစ်)"တို့ ယှဉ်ပြိုင်ပေါ်ပေါက်လာသော စနစ်နှစ်ခု လုပြိုင်နေသည့် အချိန်အတွင်း ပေါ်ပေါက်လာခဲ့သည့် ပညာရှင်ကြီးဖြစ်သည်။

ဆရာကျော်ဒေးဗစ်သည် "ဂန္ထဝင်မြောက်စံထိုက်စနစ်သစ်" ပန်းချီရေးခြယ်နည်းကိုသာ ထိန်းသိမ်းရေးဆွဲခဲ့ရုံမျှမက ဂန္ထဝင်မြောက် အကြောင်းအရာများ ဖြစ်ကြသော "ဆူကရေးတီး အဆိပ်သောက်ရခန်း" ပန်းချီကား၊ "မာရေး သေဆုံးခြင်း" ပန်းချီကား စသည်တို့ကို ရေးဆွဲခဲ့သူဖြစ်သည်။ သို့သော် ဆရာသည် လပ်ဇင်ဘတ်နန်းတော်ထဲ၌ အချုပ်အနှောင် ခံနေရစဉ် မျက်စိ

mgyoe.com

mgyoe.com



ရှေ့တွင် မြင်နေရသော "လပ်ဇင်ဘတ် ပန်းဥယျာဉ်" ကိုလည်း အမြင်အတိုင်း ရေးဆွဲသွားသေးရာ အင်္ဂလန်မှ ဂျွန်ကွန်စတေဘယ်လ်တို့ထက်ပင် အင်ပရက်ရှင်ပန်းချီကို ရှေးဦးစွာ စမ်းသပ်ရေးဆွဲသွားသူ ပုဂ္ဂိုလ်ကြီးဟု ယူဆနိုင်သည်။

ထိုပုဂ္ဂိုလ်ကြီး၏ တပည့်တွေအထဲ၌ လက်ရာကောင်း၍ အားကိုးအားထားပြုရသော "ဂရော့စ်" ဆိုသူ ပန်းချီပညာရှင်တစ်ယောက် ပါသည်။ ဂရော့စ်က သူ့ဆရာဒေးဗစ်ကို "နပိုလီယံရဲ့ ဒဏ္ဍာရီပန်းချီကားတွေကိုပဲ လိုက်ပြီးရေးနေခဲ့တဲ့ ပန်းချီပျက်ကြီး၊ ပန်းချီခေါင်းကြီး" ဟု ပြစ်တင်ကဲ့ရဲ့ခဲ့သည်။ သို့သော်...

ဆရာဒေးဗစ် မရှိသည့်နောက်ပိုင်းတွင် ထိုတပည့်ကျော် ဂရော့စ်သည် နပိုလီယံ၏ ပုံတူပန်းချီကားကို ရေးဆွဲရသောအခါ...

အီတလီမြောက်ပိုင်းရှိ "အာကိုလ်" စစ်ပွဲတွင် စစ်တပ်များကို ညွှန်ကြားနေသည့် နပိုလီယံ၏ပုံကို ဖော်ပြရာ၌ နပိုလီယံသည် ရည်မှန်းချက် အခိုင်အမာဖြင့် လှုပ်ရှားနေသည့် သူရဲကောင်းဟန်ပန်မျိုး ပေါ်လွင်အောင် ဆရာဒေးဗစ်ထက်ပင် ကြိုးစားပန်းစား ရေးဆွဲထားကြောင်း တွေ့မြင်ကြရသည်။ ဂရော့စ်၏ ရေးနည်းရေးဟန်သည် "တန်ဆာဆင်ဖွဲ့၍ရေးသော

mgyoe.com

mgyoe.com


ရေးနည်း ရှိမင်တစ်စီဇင်ရေးနည်း" ဖြင့် ရေးဆွဲထား သည်ဖြစ်ရာ ဖော်ပြလိုသည့် အကြောင်းအချက်တို့ကို အမွှမ်းတင်ဖော်ပြရာ၌ သူ့ဆရာဒေးဗစ်၏ ပန်းချီကား တို့ပင်လျှင် သူ၏သရုပ်ဖော်မှုကို လိုက်၍မမီတော့ပေ။

သမိုင်းတွင် ဤသို့သောသူမျိုးတွေ အများကြီးရှိ ခဲ့သည်။ အပြုအမူသာလျှင် ဤသို့ရှိသည်မဟုတ်၊ အကြောင်းဖြစ်ရပ်တို့လည်း ဤအတိုင်းရှိခဲ့ကြသည်။

နောက်ပေါ်လာသော အကြောင်းဖြစ်ရပ်တစ်ခု၊ စနစ်တစ်ခုသည် ပထမဦးဆုံးအချိန်တွင် ဆေးရောင် ပြောင်းသုတ်၍ ပြောင်းလဲပြုပြင်လိုက်သကဲ့သို့ လူတို့ကို ဆက်လက်နှစ်သိမ့်ထားလေ့ရှိသည်။ သို့သော် ထို အထဲမှ ထိုစနစ်ကိုပင် အခြေခံယူ၍ ထိုစနစ်ကိုပင် တုံ့ပြန်တိုက်ခိုက်သော စနစ်တို့က ဆင့်ကဲဆင့်ကဲ ပေါ် လာခြင်းဖြင့်...

ပန်းချီအနုပညာသမိုင်းတွင် ဂေါ့သစ်ခေတ်၊ ရီနေး ဆင့်ခေတ်၊ မင်နာရစ်ခေတ်၊ ဘားရော့ခေတ်၊ ဂိုကိုလို ခေတ် စသဖြင့် ဂန္ထဝင်မြောက် (ကလပ်စစ်) ပန်းချီတို့ ပေါ်လာခဲ့ရသည်။

ထိုရေးနည်းတို့ကိုပင် အခြေခံ၍ ထိုရေးနည်းတို့ ကို ဆန့်ကျင်တိုက်ခိုက်သော နီယိုကလပ်စစ်ခေါ် ဂန္ထဝင်စံထိုက်စနစ်သစ်...

mgyoe.com

mgyoe.com



ထိုစနစ်သစ်ကို အခြေခံ၍ ထိုစနစ်ကို တုံ့ပြန်တိုက်ခိုက်ပေါ်လာသော "တန်ဆာဆင်ရေးဖွဲ့နည်း" ဖြစ်သည့် "ရိုမင်တစ်" ၏ ပန်းချီခေတ်...

တန်ဆာဆင်ရေးဖွဲ့ခြင်းသည် သဘာဝမကျဟု ယူဆကာ တန်ဆာဆင်ရေးဖွဲ့နည်းကို အခြေခံ၍ တုံ့ပြန်တိုက်ခိုက်ပေါ်ပေါက်လာသော "ပကတိအစစ်အမှန် ရေးနည်း" ရီယယ်လစ်ဇင်စနစ်...

ထိုနည်းကို အခြေခံသင်ကြားပြီး၊ ထိုနည်းသည် တကယ်အစစ် မတူညီဟု ယုံကြည်ယူဆ ပေါ်ပေါက်လာသော "ရုတ်ခြည်းအမြင်အတိုင်းရေးနည်း" အင်ပရက်ရှင်စနစ် စသည်တို့ ပေါ်လာခဲ့သည်။

ထိုအင်ပရက်ရှင်စနစ်မှ နောက်ပိုင်း အင်ပရက်ရှင် (ပို့စ်အင်ပရက်ရှင်) အင်ပရက်ရှင်သစ် (နီယိုအင်ပရက်ရှင်) နှင့် စိတ်လှုပ်ရှားမှုအတိုင်းရေးသော (အင်ပရက်ရှင်) စနစ်တို့ မွေးဖွားလာခဲ့ကြရသည်။ မွေးဖွားသည်ဟူသော စကားလုံးကို အသုံးပြုရာ၌ အကြောင်းရှိသည်။ အခြားစနစ်တို့ ပေါ်သကဲ့သို့ ဆန့်ကျင်တိုက်ခိုက်၍ ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ အင်ပရက်ရှင်ပန်းချီနည်းကို ထောက်ခံရင်း ပေါ်လာခဲ့ရသောကြောင့် ဖြစ်သည်။

ထိုအင်ပရက်ရှင်စနစ်တို့မှ ၂၀ ရာစု ခေတ်သစ်

mgyoe.com

mgyoe.com


ပန်းချီတို့ ပေါ်လာသောအခါ မြင်ကွင်းကိုသော်လည်းကောင်း၊ မြင်ကွင်းမရှိဘဲနှင့်သော်လည်းကောင်း စိတ်တွင်း၌ ထင်ပေါ်လာသည့် အတွေးအခေါ်တို့ကို ဖန်တီးတည်ဆောက်ပြမှုများ ပေါ်လာခဲ့ရသည်။

သို့သော် ယခု ပန်းချီလူငယ်ပညာရှင် တချို့က "လောကကြီးကို ပုံတူကူးချနေတာမျိုးကို မရေးလို" ဟု ကြွေးကြော်နေကြသည်။ ထို့နောက် ရေးသူတွေကို နှိမ့်ချစော်ကားကြသည်။

ဤနေရာ၌ လူငယ်တို့က "အတွေးအခေါ်ကို တည်ဆောက်ပြသကြခြင်း" ကို အားပေးပါသည်၊ လက်ခုပ်တီး ကြိုဆိုပါသည်။ သဘာဝလောကကို ဖမ်းဆီး၍ ပန်းချီကားအဖြစ် သိုလှောင်ကြည့်ရှုနေသူတို့ကို ရှုတ်ချကဲ့ရဲ့မှု ပြုခြင်းအတွက်တော့ မထောက်ခံနိုင်ပါ...

ထိုသို့ ရှုတ်ချကဲ့ရဲ့နေကြခြင်းသည် အဖေကို ဆဲရေးစော်ကားသကဲ့သို့ ဖြစ်ပါသည်။ ထို့ပြင် တစ်ချိန်ချိန်တွင် မိမိကိုယ်တိုင် တစ်ပတ်လည်၍ ပြုမူမိတတ်ကြောင်းကို သမိုင်းကြောင်းထဲတွင် အမြောက်အမြား တွေ့သိနိုင်ကြပါသည်။

သတိရကြပါစေ။

*၁ ဧပြီ၊ ၁၉၇၂၊ ရွှေတူရျာနယ်။*

❖

mgyoe.com

mgyoe.com

# ပန်းချီကို ဘယ်နည်းနဲ့ရေးကြမလဲ
## (အမှတ် - ၁)

ကျွန်တော်တို့တစ်တွေ လူ့သမိုင်းကို လေ့လာကြည့်လျှင် ကျောက်ကြမ်းခေတ်၊ ကျောက်ချောကျေးကျွန်ခေတ်၊ မြေရှင်ခေတ်၊ အရင်းရှင်ခေတ်၊ ဒီမိုကရေစီဆိုရှယ်လစ်ခေတ် စသည်ဖြင့် အဆင့်ဆင့်ပြောင်းလဲတိုးတက်လာမှုကို တွေ့ကြရမည်။

ထိုအတိုင်းပင် လူတို့၏ အနုပညာယဉ်ကျေးမှုသမိုင်းကို လေ့လာကြည့်လျှင်လည်း...

ဂေါ့သစ်– Gothic ခေတ်။

ရီနေးဆင့်– Renaissance ခေတ်။

mgyoe.com

mgyoe.com


ဘားရော့– Baroque ခေတ်။

ရိုမင်းတစ်စီဇင်– Romanticism ခေတ်။

ရီယယ်လစ်ဇင်– Realism ခေတ်။

အင်ပရက်ရှင်နစ်ဇင်– Impressionism ခေတ်။

၂၀ ရာစုပန်းချီ– Twentieth Century Painting ခေတ်ဟူ၍ အဆင့်ဆင့်ပြောင်းလဲ တိုးတက်လာခဲ့ကြောင်းကို တွေ့ကြရမည်။

ကမ္ဘာ့အနုပညာသမိုင်း၌ ဂေါ့သစ်ခေတ်သည် ခရစ်သက္ကရာဇ် ၁၁၅၀ မှ ၁၄၀၀ အထိလောက်ဖြစ်သည်။ သို့သော် ဗမာ့ပန်းချီတို့၏ ဂေါ့သစ်ခေတ်ကို ခရစ်သက္ကရာဇ် ၁၈၀၀ ကျော်အချိန် ဦးကြာညွန့်တို့ ဆရာခြံတို့ခေတ်လောက်မှ စသည်ဟု ယူဆနိုင်သည်။

ကမ္ဘာ့သမိုင်းတွင် အရင်းရှင်ခေတ်သည် စက်ရုံအလုပ်ရုံတွေ ပေါ်ပေါက်လာသော ခရစ်သက္ကရာဇ် ၁၇၅၀ ပြည့်နှစ်ဝန်းကျင်လောက်မှ စတင်ခဲ့သော်လည်း ကျွန်တော်တို့ ဗမာများအဖို့ ခရစ်သက္ကရာဇ် ၁၈၈၆ ခု သီပေါမင်းပါပြီးနောက် အင်္ဂလိပ်လက်အောက်သို့ ရောက်ပြီးကာမှ အရင်းရှင်ခေတ်နှင့် ထိတွေ့ကြရသည်။ ကျွန်တော်တို့အဖို့ လူနေမှုစနစ် ခေတ်နောက်ကျခဲ့ရသလို ယဉ်ကျေးမှုခံယူချက်လည်း ထပ်တူထပ်မျှ ခေတ်နောက်ကျခဲ့ကြရသည်။ ခေတ်နောက်ကျကျန်ရစ်

mgyoe.com

mgyoe.com


ခဲ့ပုံ သဘောချင်း ထပ်တူဖြစ်ခဲ့ကြသည်။

ဤနေရာ၌ ဂေါ့သစ်ဟူသော စကားလုံး၏ အဓိပ္ပာယ်ကို သိရန်လိုသည်။ ဂေါ့သစ်ဟူသော စကားလုံးသည် သမိုင်းစကားလုံး ဖြစ်သည်။ ပြင်သစ်နှင့် စပိန်တောင်ပိုင်း၊ အီတလီပြည်တွင် ဂေါ့သစ်စကားကို ပြောကြသော လူမျိုးတို့သည် သုံးရာစုနှင့် ငါးရာစု ခေတ်လောက်က ဘုရင်စနစ်ကို စတင်ထူထောင်ခဲ့ကြသည်။ အရိုင်းအစိုင်းဘဝမှ အယဉ်ဘဝသို့ စတင်ကူးပြောင်း ထူထောင်လိုက်ကြသည်။ ကျွန်ဖြစ်ရပ်သည် သမိုင်းတွင် အမှတ်ထင်ထင်ရှိနေခဲ့သော ဖြစ်ရပ်တစ်ခု ဖြစ်သည်။

ခရစ်သက္ကရာဇ် ၁၁၃၇ ခုနှစ်လောက်သို့ ရောက်သောအခါ ပြင်သစ်ဗိသုကာကျော် အဘိုဆုဂျာ Abbot



**Abbey Church**

mgyoe.com

mgyoe.com


Suger ဆိုသူသည် အဘီးဘုရားကျောင်း Abbey Church ကြီးကို အသစ်ပြင်ဆင် ဆောက်လုပ်ခဲ့သည်။ ထိုဘုရားကျောင်းကြီး၏ ပုံစံသည် ယခင် ဘုရားကျောင်းဟောင်းကြီးကဲ့သို့ မဟုတ်တော့ဘဲ တစ်ခါမျှ မပေါ်ဖူးသေးသည့် ပုံစံသစ်ဖြင့် ကောင်းကင်သို့ ချွန်တက်မည့်အသွင်မျိုး ဖြစ်ပေါ်လာသည်။ ထိုအခါ ထိုပုံစံသစ်က ပညာဗဟုသုတ ကြွယ်ဝကြောင်း ပြသလိုသူတို့သည် သမိုင်းပါ ဂေါ့သစ်စကားပြောသူတို့၏ အကြောင်းဖြစ်ရပ်နှင့် တင်စားလျက် ဂေါ့သစ်ပုံစံဟု အမည်ပေးလိုက်ကြသည်။ ထိုအတိုင်းပင် ပန်းချီကားတို့ကို နံရံတွင် ရေးဆွဲကြရာမှ ချိတ်ဆွဲရန် ကားချပ်ကြီးများကို ချီမာဘူး Cimabue (၁၂၄၀–၁၃၀၂) က စတင်ရေးဆွဲလိုက်သောအခါ ထိုပန်းချီကားချပ်ကြီးတို့ကိုလည်း ဂေါ့သစ်ပန်းချီများဟု အမည်ပေးလိုက်ကြသည်။ ထို့ကြောင့် ဂေါ့သစ်ဟူသော စကားလုံး၏ အဓိပ္ပာယ်သည် ယခင်အတိုင်းမဟုတ်ဘဲ စတင်သစ်ဆန်းလာခြင်း၊ အစပျိုးတိုးတက်ရန် ရှေးရှုလာခြင်းဟူသော အဓိပ္ပာယ်ဖြစ်သည်။

ထို့နောက် အနုပညာတို့ တစ်ခေတ်ဆန်းသစ်လာသည့်အချိန်ကို ရီနေးဆင့်ခေတ်ဟု ခေါ်ကြသည်။ လူ့ကမ္ဘာ၌ လူသားတို့ လောဘ၊ ဒေါသ၊ မောဟတို့လွှမ်း

mgyoe.com

mgyoe.com


ကာ လူအချင်းချင်း အနိုင်ကျင့်စိုးမိုးလိုကြသည့် အလယ်ခေတ်ဖြစ်သော ကျေးပိုင်ကျွန်ပိုင် ခေတ်ကြီး အတွင်း၌ ရှည်လျားသော စစ်ပွဲကြီးများ ဖြစ်ခဲ့ကြရသည်။ ထို စစ်ပွဲကြီးတို့အတွင်း၌ လူတို့၏အတွေးအခေါ် လုံ့လအင်အားဖြင့် ထူထောင်ထားခဲ့ကြသော အနုပညာလက်ရာများ ဆုံးရှုံးပျက်စီးကုန်ကြရသည်။

ထို့နောက် စာနာမှုနှင့် လူ့ကျင့်ဝတ်တရားတို့ကို ရှာကြံပေးခဲ့ကြသော ဂေါတမ ဗုဒ္ဓ၊ ခရစ်တော်နှင့် မိုဟာမက် အစရှိသော ကြီးကျယ်မြင့်မြတ်သည့် အတွေးအခေါ်ရှိကြသော လူသားပုဂ္ဂိုလ်ကြီးတို့၏ ဆုံးမသွန်သင်ချက်တို့ကြောင့် လူသားတို့ သတိနောင်တ ရကြပြီး နောက်ပိုင်းအချိန်တွင် ရှည်လျားသော စစ်မီးကြီးများ ငြိမ်းအေးသွားကြသောအခါ လူတို့သည် မိမိတို့တိုးတက်ယဉ်ကျေးမှုကို ရှေးရှုကြလျက် အသုံးယဉ်ကျေးမှု Civilization ဖြစ်သည့် စားဝတ်နေတိုးတက်မှုနှင့် အပြုယဉ်ကျေးမှု Culture ဖြစ်သည့် ပန်းချီ၊ ပန်းပု၊ ဂီတ၊ အက၊ စာပေတို့ကို ပြန်လည်သစ်ဆန်းအောင် တည်ဆောက်ပြုလုပ်လာကြပြန်သည်။ ထိုသို့ စတင်ပြုလုပ်သောအချိန်သည် ခရစ်သက္ကရာဇ် ၁၄၀၀ မှ ၁၅၂၅ ခုနှစ်လောက်အထိ ဖြစ်သည်။ ထိုခေတ်ကို အနုပညာ ပြန်လည်ဆန်းသစ်သောခေတ် ရီနေးဆင့်ခေတ်

mgyoe.com

mgyoe.com


ဟု ခေါ်ကြသည်။

ထို့နောက် ခရစ်သက္ကရာဇ် ၁၅၂၅ ခုနှစ်မှ ၁၇၅၀ ပြည့်နှစ်အထိ ရှည်လျားသောခေတ်သည် အနုပညာရှင်တို့ သူ့ထက်ငါအပြိုင်အဆိုင် တည်ဆောက်ကြိုးစား၍ အလှဆုံးတို့ကို ဖန်တီးပြသနေသောခေတ်ဟု ဆိုနိုင်သည်။

သို့သော် သမိုင်းဆရာတို့က ထိုခေတ်ကို ဘားရော့ခေတ် သို့မဟုတ် ဘရိုကေးခေတ်ဟု သတ်မှတ်လိုက်ကြသည်။ ဘရိုကေးဟူသော စကားလုံး၏ အဓိပ္ပာယ်သည် ပုံပန်းမကျခြင်း တွန့်တွန့်လိမ်လိမ်မရှိခြင်းဟူ၍ဖြစ်သည်။

ရှေးဆရာကျော်များဖြစ်သော တစ်ရှင် Tition, ရူဘင် Ruben, ပူဆင် Poussion, ဝေါ့တို Watteau, ဖရာဂွန်နဒ် Fragonard, စသည် ပုဂ္ဂိုလ်ကျော်ကြီးများသည် လူတို့ကို ပို၍အမြင်လှပစေရန် ကြွက်သားကြီးများကို ရှုထောင့်အမျိုးမျိုးမှ မြင်ကြရသည့်ဟန်မျိုးဖြင့် နေရိုးနေစဉ်မဟုတ်သည့် အနေအထားတို့ဖြင့် ရေးဆွဲကြသည်ကို အကြောင်းပြု၍ "တွန့်တွန့်လိပ်လိပ်ခေတ်" ဟု သမိုင်းဆရာတို့က အမည်ပေးလိုက်ကြခြင်းဖြစ်သည်။

ထိုခေတ်ရှည်ကြီးအတွင်း၌ လျော်ကန်သင့်မြတ်

mgyoe.com

mgyoe.com


သော မင်နာရစ်ဇင် Mannerism ခေတ်သည် ၁၅၂၅ မှ ၁၆၀၀ အထိဖြစ်၍ အလှအပ ပြုပြင်မွမ်းမံခြယ်လှယ်သော ရိုကိုကို Rococo ခေတ်သည် ၁၇၀၀ ကျော်မှ ၁၇၈၅ အထိ ပါဝင်ခဲ့သည်။

ဂေါ့သစ်ခေတ်မှစ၍ ရီနေးဆင့်ခေတ်နှင့် ဘားရော့ခေတ်အထိ ဆရာကြီးတို့၏ လက်ရာနှင့် ရေးနည်းဟန်တို့ကို ဂန္ထဝင်မြောက် စံထိုက်လက်ရာကြီးများ၊ ဂန္ထဝင်မြောက် စံထိုက်ရေးဟန် Classicism အဖြစ် အနုပညာ သမိုင်းဆရာတို့က သတ်မှတ်ထားကြသည်။ ထိုလက်ရာတို့ကို စာဖတ်သူတို့ သဘောပေါက်အောင် နှိုင်းယှဉ်ဖော်ပြရသော် မြန်မာစာပေတို့၌ ပါဝင်သည့် ပုပ္ပားနတ်တောင် ဘွဲ့လင်္ကာမှ ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ နတ်သျှင်နောင်၊ နဝဒေးတို့ ရေးဖွဲ့ဆိုခဲ့ကြသော လင်္ကာ၊ ရတု၊ ပျို့၊ မော်ကွန်း၊ ရကန် စသည့် စာပေရေးသား ဖွဲ့သီမှုမျိုးနှင့် သဘောချင်းထပ်တူဖြစ်သည်။

ကျွန်တော်တို့သည် ဆရာတော် ရှင်မဟာရဋ္ဌသာရ၊ နတ်သျှင်နောင်နှင့် နဝဒေးတို့၏ စာပေများကို ဦးထိပ်ထက်တင်၍ မြတ်နိုးကြသော်လည်း ယခု ကျွန်တော်တို့ ရေးဖွဲ့ကြသောအခါ ထိုဆရာတို့ကဲ့သို့ မရေးဖွဲ့ကြပါ။ သို့သော် ထိုဆရာတို့၏ ရေးဖွဲ့မှုကိုလည်း

mgyoe.com

mgyoe.com


မပစ်ပယ်ကြပါ၊ အတုယူကြရပါသည်။

ပန်းချီတွင်လည်း ထို့အတူပင် ဖြစ်ပါသည်။ စံထိုက်ပန်းချီကျော်ကြီးတို့၏ ဂန္ထဝင်မြောက် ပန်းချီကားကြီးများ ရေးနည်းရေးဟန်များကို ဦးထိပ်ထက်သို့ တင်ထားကြသော်လည်း ကျွန်တော်တို့ ထိုကဲ့သို့ မရေးဆွဲကြတော့ပါ။

ကျွန်တော်တို့သာလျှင် မဟုတ်ပါ။ ဘားရော့ခေတ် နောက်ဆုံးပိုင်းကို လွန်လာခဲ့သည့် ၁၇၅၀ ပြည့်နှစ်၏ သည်မှာဘက်ပိုင်းမှ ပန်းချီကျော်တို့ပင်လျှင် သစ်ဆန်းအောင် ပြောင်းလဲရေးခြယ်လာခဲ့ကြပါပြီ။

နောက်ပိုင်း ပန်းချီကျော်တို့က ဘယ်လိုတော်လှန်ရေးဆွဲခဲ့ကြပါသလဲ။

*၁၊ မေ၊ ၁၉၇၂၊ ရွှေတူဂျာနယ်။*

❖

mgyoe.com

mgyoe.com

# ပန်းချီကို ဘယ်နည်းနဲ့ရေးကြမလဲ
(အမှတ် - ၂)

"ပန်းချီကို ဘယ်နည်းနဲ့ရေးကြမလဲ..." ဟူသည့် မေးခွန်းကို မိမိတို့ဘာသာ အဖြေရှာနိုင်ကြစေရန်...

ယခု ကမ္ဘာ့လူသားထုကြီး တစ်ရပ်လုံးက အနုပညာရေးရာ (ပန်းချီ၊ ဂီတ၊ ကဗျာ၊ စာ၊ အကသဘင်၊ ရုပ်ရှင်) တို့နှင့် ပတ်သက်၍ မည်မျှ ရှေ့သို့ရောက်အောင် ချီတက်သွားနေကြပြီ . . .

ထိုကမ္ဘာ့လူသားထုကြီး ရောက်နေကြပြီဖြစ်သော အနုပညာ (ပန်းချီ) လမ်းကြောင်း၏ စခန်းဖြစ်သည့် ၂၀ ရာစု ပန်းချီ (မြန်မာနှင့် အချို့ပညာရှင်များက

mgyoe.com

mgyoe.com



မိုဒန်အတ် "ခေတ်သစ်ပန်းချီ" ဟူ၍လည်းကောင်း၊ စိတ္တဇဗေဒပန်းချီ၊ စိတ္တဇပန်းချီဟူ၍လည်းကောင်း အမျိုးမျိုးခေါ်ကြသော ပန်းချီ) ဟူသည် မည်သည့်အရာတို့ ဖြစ်ကြသည် . . .

ကို တစေ့တစောင်း သိသာမြင်သာအောင် ဖော်ပြလို၍ ဖြစ်သည်။

သို့သော် ဖြတ်လမ်းကရေးပြရန် မလွယ်။

ဖြတ်လမ်းက ဖတ်သိလိုက်ကြရသူတို့ အဖို့လည်း နားလည်သဘောပေါက်ကြလိမ့်မည် မဟုတ်။ ရေးရသူ အဖို့လည်း ရေးဖော်ရကျိုးမနပ်။ ထို့ကြောင့် ဖတ်ရသူတို့ သဘောပေါက်နားလည် လွယ်ကြစေရန်အတွက် တစ်ဆင့်ပြီးတစ်ဆင့် ဖော်ပြရခြင်းက ပို၍သင့်တော်မည်ထင်သည်။

ကဲ... စကြပါစို့...။

* * *

ပန်းချီအနုပညာကို ပြန်လည်စတင်ကြသော ခရစ်သက္ကရာဇ် ၁၁၅၀ မှ ဘားရော့ခေတ် နောက်ဆုံးအချိန် ခရစ်သက္ကရာဇ် ၁၇၈၅ ခန့်အထိ အချိန်ပိုင်းတို့အတွင်းက ရေးဆွဲခဲ့ကြသည့် ပန်းချီလက်ရာတို့ကို ဂန္ထဝင်မြောက် စံထိုက်ပန်းချီလက်ရာများ၊ ရေးနည်းရေးဟန်

mgyoe.com